## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၆)
## လူထုရဲ့ပြဿနာတွေကို ဖေါ်ထုတ်ဖြေရှင်းနိုင်စွမ်းရှိမည့် တိုင်းပြည်အဆောက်အအုံ

မြန်မာနိုင်ငံရဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဘို့ နိုင်ငံရေးအရဆွေးနွေးပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ အဖြေရှာရေး တောင်းဆိုသံကို ကြားလာရတာ ကြာပါပြီ။ တကယ်တော့ လူထုတွေဟာ မိမိတို့ရဲ့ပြဿနာတွေကို ပွင့်ပွင့်လင်းလင်း ဖေါ်ထုတ်ခွင့်ရကြ၊ ငြိမ်းချမ်းတဲ့နည်းနဲ့ အဖြေရှာခွင့်ရကြတဲ့ အခြေအနေဟာ ဒီမိုကရေစီကို အသွင်ကူးပြောင်းနိုင်ရေး ကာလအတွက်သာ မဖြစ်သင့်ပါ။ ဒီလို အခြေအနေမျိုးရေရှည်တည်ရှိနေအောင် တိုင်းပြည်ရဲ့ အဆောက်အအုံတွေ ဘယ်လို ဖွဲ့စည်းတည်ဆောက်ထားရှိသင့်တယ် ဆိုတာမျိုးကို ဆွေးနွေးကြတာတော့ ထိထိရောက်ရောက် မကြားရ သေးပါ။ ဒါနဲ့ပတ်သက်လို့ တောင်ကိုးရီးယားနိုင်ငံ အတွေ့အကြုံနဲ့ ဆက်စပ် တင်ပြလိုပါတယ်။

နအဖဟာ တိုင်းပြည်ကို ရေရှည်လွှမ်းမိုးအုပ်ချုပ်သွားနိုင်ဘို့ လေ့လာပြင်ဆင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ကို မွေးထုတ်ဘို့ကြိုးစားတဲ့အခါမှာ အနောက် ဒီမိုကရေစီနိုင်ငံတွေဆီကနေ အတုမယူတာ သေချာလှပါတယ်။ အိမ်နီးနားခြင်း တိုင်းပြည်တွေဖြစ်ကြတဲ့ တရုပ်၊ အိန္ဒိယ၊ ထိုင်းစတဲ့ တိုင်းပြည်တွေရဲ့ ပုံစံကိုလဲမယူပါဘူး။ ဘာကြောင့်လဲ ဆိုတော့ အိန္ဒိယက ကမ္ဘာ့အကြီးဒီမိုကရေစီနိုင်ငံကြီး အဖြစ်ကျော်ကြားတာနဲ့အညီ ဒီမိုကရေစီရဲ့အခြေခံတွေကို စစ်စစ်မှန်မှန် ချမှတ်ဆောင်ရွက်တဲ့ တိုင်းပြည်ကြီးဖြစ်တယ်။ နအဖ အနေနဲ့ တကယ်တန်းဒါမျိုးမလုပ်နိုင်တာအသေအချာပါဘဲ။ တရုတ်ပြည်ဟာ ကွန်မြူနစ်၊ ဆိုရှယ်လစ်အတွေးအခေါ်ကနေအခြေခံ လူထုအကျိုးစီးပွားကို အဓိကထားတဲ့ တိုင်းပြည်မျိုးဖြစ်တယ်။ တချိန်ထဲမှာ ၁၉၈၀ ခုနှစ်လောက်ကစပြီး ဥပဒေစိုးမိုးရေးမူတွေကို ချမှတ်ကျင့်သုံးလာနိုင်ခဲ့တဲ့ အတွက် အိပ်နေသော နဂါးကြီး အဆင့်ကနေ နိုးထလာတဲ့ နဂါးကြီးဖြစ်လာတဲ့ တိုင်းပြည်ပါဘဲ။ အခြေခံ လူထုအကျိုးစီးပွားကို အဓိကထားဘို့ရော၊ ဥပဒေစိုးမိုးရေး မူတွေကိုကျင့်သုံးဘို့ပါ နအဖ ဟာ ဘယ်တုံးကမှ လက်တွေ့ဖေါ်ဆောင်ခဲ့ခြင်းမရှိပါ။

ထိုင်းနိုင်ငံရဲ့ စံနမူနာကို အတုယူဘို့ဆိုရင်ပိုပြီးဝေးပါသေးတယ်။ ဘာကြောင့်ဆိုတော့ ထိုင်းမှာ အစိုးရအဖွဲ့ရဲ့အထက်မှာ ဘုရင်ရှိနေပြီး အရေးကြုံလာတဲ့အခါတိုင်း တိုင်းပြည်ကို ဘုရင်ကနေဝင်ရောက်ထိမ်းကျောင်းပေးတဲ့ စနစ်ကို ကျင့်သုံးပါတယ်။ နအဖ ဟာ သူ့အထက်မှာ ဘယ်သူမှရှိနေတာကို မကြိုက်၊ သူသာလျှင် အထက်ဆုံးမှ ရှိနေရမယ့် အုပ်ချုပ်ပုံစနစ်မျိုးကို လိုလားပါတယ်။

တရုတ်၊ အိန္ဒိယ၊ ထိုင်း စတဲ့တိုင်းပြည်တွေရဲ့ပုံစံကို မယူပေမယ့် သူ့ပုံတူကူးချဘို့ကြိုးစားတဲ့ တိုင်းပြည်နှစ်ခု ရှိလာကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဲဒါကတော့ အင်ဒိုနီးရှားနဲ့တောင်ကိုရီးယားတို့ဖြစ်တယ်။ နှစ်နိုင်ငံစလုံးကို ကိုယ်စားလှယ်အဖွဲ့တွေ စေလွှတ်တဲ့အဆင့်အထိ လေ့လာခဲ့တယ်လို့သိရပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီနှစ်နိုင်ငံစလုံးမှာ စစ်တပ်ကဗိုလ်ချုပ်တွေက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီတရားဝင် သမတတွေအဖြစ်နဲ့ နှစ်ပေါင်းရှည်ကြာစွာ အုပ်ချုပ်ခွင့်ရခဲ့ကြလို့ ဖြစ်ပါတယ်။ အင်ဒိုနီးရှားနဲ့ တောင်ကိုရီးယားနိုင်ငံတွေမှာ စစ်ဗိုလ်သမတတွေဟာ တင်းကြပ်တဲ့ ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံး၊ စစ်တပ်က ကြိုးကိုင်ခွင့်ရမယ့် အနေအထားမျိုးတွေ တည်ဆောက်တဲ့အခြေခံကနေ သမတ အုပ်ချုပ်ရေးစနစ်ကို တစုံတရာအောင်မြင်စွာ ဖေါ်ဆောင်နိုင်ခဲ့ကြတဲ့ တိုင်းပြည်တွေလို့ပြောနိုင်ပါတယ်။

နအဖ ဟာ ဒီလိုပုံစံမျိုးကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖန်တည်းပြီး တိုင်းပြည်ကို ရေရှည်အုပ်ချုပ်သွားဘို့ ကြိုးစားနေတာ အသေအချာပါဘဲ။

ဒါပေမယ့် ၁၉၉၈ မှာ ကျောင်းသားတွေဆန္ဒပြကြလို့ စစ်ဗိုလ်သမတဟောင်း ဆူဟာတို ပြုတ်ကျသွားပြီးတဲ့နောက်ပိုင်း၊ နအဖ ဟာ အင်ဒိုနီးရှားပုံစံကို သိတ်ပြီး စိတ်မဝင်စားတော့ပါ။ အထူးသဖြင့် အင်ဒိုနီးရှား ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ လူထုအသင်းအဖွဲ့တွေ အပြိုင်းအဆိုင်နဲ့ အားကောင်းစွာပေါ်ပေါက်လာတဲ့ အနေအထားမျိုးကို နအဖ မကြိုက်ဆုံးလဲဖြစ်ပါတယ်။ ဒါကြောင့် စစ်ဗိုလ်သမတပုံစံကို ဖန်တည်းပြီး တိုင်းပြည်ကို ရေရှည်အုပ်ချုပ်ခွင့်ရနိုင်ဘို့ နအဖ အတွက် အတုယူစရာဆိုလို တောင်ကိုးရီးယား တနိုင်ငံဘဲကျန်ပါတော့တယ်။

၁၉၆၁ ခုနှစ် တောင်ကိုရီးယားမှာ စစ်အာဏာသိမ်းမှုဖြစ်ပြီး ဒုတိယ သမတနိုင်ငံကျဆုံးခဲ့တယ်။ ၁၉၆၁ ကနေ ၁၉၇၂ ခုနှစ်အတွင်း တတိယသမတနိုင်ငံပြန်လည်ထူထောင်တဲ့အခါ ဗိုလ်ချုပ်ကြီး ပတ်ခြုဟီးက သမတ တာဝန်ထမ်းဆောင်ခဲ့တယ်။ ပို့ကုန်အဓိကထား စက်မှုလုပ်ငန်းတည်ဆောက်ရေးမူကို အာဏာရှင်စနစ် အုပ်ချုပ်မှုနဲ့

ပေါင်းစပ်လိုက်တဲ့အခါ ပတ်ခြုံဟီးရဲ့ ဦးဆောင်မှုအောက်မှာ တောင်ကိုရီးယားစီးပွားရေးဟာ မှတ်သားလောက်အောင်ကို တိုးတက်အောင်မြင်မှုရခဲ့တယ်။ အာဏာရှင်စနစ် ကျဆုံးသွားပြီး ဒီမိုကရေစီနိုင်ငံအဖြစ်ကို စတင်ကူးပြောင်းတည်ဆောက်နေပြီဖြစ်တဲ့ ယနေ့လိုကာလမျိုးမှာတောင် တောင်ကိုရီးယားအခြေခံလူထုအတော်များများဟာ ဗိုလ်ချုပ်ကြီး ပတ်ခြုံဟီး အုပ်ချုပ်ခဲ့စဥ်တုံးက စီးပွားရေးတိုးတက်မှုတွေကို ပြန်လည်ပြောဆို တ သ နေကြတုံးဘဲ ဖြစ်ပါတယ်။ ဒီလို အခြေအနေမျိုးကို နအဖ သိတ်ဖြစ်ခြင်တယ်။ လူထုတရပ်လုံး ကုန်းကောက်စရာမရှိလောက်အောင် စီးပွားရေးအရ ဖြုံခြောက်ကျနေတဲ့ အချိန်မှာတောင် တိုင်းပြည်ကို ခါးမိုးပြီး အုပ်ချုပ်နိုင်တယ်၊ တကယ်လို့သာ စီးပွားရေး တိုးတက်အောင်များ လုပ်ပေးနိုင်ခဲ့ရင် တိုင်းပြည်ကို ရာသက်ပန် အုပ်ချုပ်သွားနိုင်လိမ့်မယ်လို့ နအဖ အနေနဲ့ မြှော်လင့်ပုံလည်းရတယ်။

အာဏာရှင် စစ်ဗိုလ်သမတက စီးပွားရေးတိုးတက်အောင်လုပ်ပေးနိုင်ခဲ့လို့ တောင်ကိုရီးယား အနေအထားကို နအဖ က ကြိုက်ပေမယ့် နအဖ မကြိုက်တဲ့ ဇာတ်သိမ်းခန်းတခု တောင်ကိုရီးယားမှာ ဖြစ်ပွားခဲ့တာ ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ၁၉၇၉ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးပတ်ခြုံဟီးကို သူကိုယ်တိုင်က ခန့်အပ်ထားတဲ့ ဗဟိုထောက်လှမ်းရေးဌာန အကြီးအကဲက အနီးကပ် သေနတ်နဲ့ပစ်သတ်ပြီး လုပ်ကြံလိုက်တဲ့ ကိစ္စပါဘဲ။ ဒါကြောင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဟာလည်း ထောက်လှမ်းရေးတွေကို မယုံကြည်တဲ့ ရောဂါရလာပြီး ထောက်လှမ်းရေးတဖွဲ့ လုံးတုတ်တုတ်မှ မလှုပ်နိုင်အောင် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ သူ့အဖွဲ့တွေကို အရေးယူလိုက်တဲ့ သဘောလဲ ပါမယ်လို့ယူဆရပါတယ်။

နအဖ ဟာ သူ့ကိုအာခံနိုင်မယ့် အနေအထားရှိတဲ့ ထောက်လှမ်းရေးအဖွဲ့ကို တော့ လောလောဆယ်အရေးယူလိုက်နိုင်ပါပြီ။ ဒါပေမယ့် တောင်ကိုရီးယားမှာ ဗိုလ်ချုပ်ကြီးပတ်ခြုံဟီး စွမ်းဆောင်နိုင်ခဲ့သလို မြန်မာနိုင်ငံမှာလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ တိုင်းပြည်စီးပွားရေးတိုးတက်အောင် ဈေးကွက်စီးပွားရေးရဲ့ အခြေခံကနေစွမ်းဆောင်နိုင်ပါ့မလားဆိုတဲ့ အချက်ကို လေ့လာဘို့လိုအပ်လာပါတယ်။ ဈေးကွက်စီးပွားရေး အောင်မြင်စေဘို့ဆိုရင် ဧကန်မုချ လိုအပ်တဲ့အရာတွေအနက် အဓိကကျတဲ့ တရပ်ကတော့ လွတ်လပ်တဲ့တရားစီရင်ရေးစနစ် တည်ရှိကျင့်သုံးဘို့ ဖြစ်ပါတယ်။ တောင်ကိုရီးယားမှာ အဲဒီလို ကျင့်သုံးခဲ့တဲ့အပြင် အမေရိကန်ပြည်ထောင်စုမှာလို တရားစီရင်ရေးက အစိုးရရဲ့လုပ်ဆောင်ချက်တွေ အပေါ်ပြန်လည်သုံးသပ်ခွင့် အာဏာ တရားရုံးကို အပ်နှင်းထားခဲ့တယ်။ ပတ်ခြုံဟီး ဦးဆောင်အုပ်ချုပ်ခဲ့တဲ့ တတိယ သမတနိုင်ငံခေတ်ရဲ့နောက်ဆုံးပိုင်းနှစ်တွေမှာဆိုရင် တရားစီရင်ရေးဟာ အုပ်ချုပ်ရေးအာဏာပိုင်တွေရဲ့လုပ်ရပ်တွေအပေါ်အတော့်ကိုဘဲ ကြပ်မတ်နိုင်ခဲ့တယ်လို့ သိရပါတယ်။ ၁၉၈၇ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ပြန်လည်တည်ထောင်လာနိုင်တဲ့ အခါမှာတော့ တရားရုံးတွေဟာ ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု အတွက်သာမက ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအငြင်းပွားမှုတွေကိုပါ ကိုင်တွယ်ဖြေရှင်းပေးလာနိုင်တဲ့ အနေအထားကို ရောက်ရှိလာခဲ့ပါတယ်။

ကိုရီးယားနိုင်ငံရဲ့ တရားစီရင်ရေးစနစ်မှာ အားနည်းချက်တွေကတော့ တပုံတပင် ရှိနေဦးမှာပါ။ ဒါပေမယ့် အဲဒီအချိန်ကထဲကစပြီး အရှိန်ရလာလိုက်တဲ့ ကိုရီးယားနိုင်ငံရဲ့တရားစီရင်ရေးဟာ အခုဆိုရင် ကမ္ဘာက တလေးတစား လေ့လာရတဲ့အနေအထားကို ရောက်လာပါပြီ။ ပြည်သူတွေအချင်းချင်းအကြားမှာရှိတဲ့ ပြသနာတွေ၊ စီးပွားရေးလုပ်ငန်းနဲ့ ကုမ္ပဏီတွေအကြားက အငြင်းပွားမှုတွေသာမက ပြည်သူတွေနဲ့အုပ်ချုပ်တဲ့ အာဏာပိုင်တွေအကြားမှာဖြစ်ပွားတဲ့ မှုခင်းတွေကို ပါဖြေရှင်းနိုင်လာနေပါပြီ။ အဲဒါသာမက ၁၉၈၉ ခုနှစ်ကို ရောက်လာခဲ့အချိန်မှာ အစိုးရပြဌာန်းတဲ့ ဥပဒေတွေနဲ့ အစိုးရရဲ့လုပ်ဆောင်ချက်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်ခြင်း မရှိကြောင်း၊ ရုံးကိုရောက်လာတဲ့မှုခင်းတွေရဲ့ ၃၈ ရာခိုင်နှုံးမှာ ဆုံးဖြတ်ခဲ့တယ်လို့ လေ့လာရပါတယ်။ တရားရုံးတွေဟာ စွမ်းအားထက်မြက်လာပြီး အုပ်ချုပ်ရေးအာဏာပိုင်တွေကို ကြပ်မတ်နိုင်တဲ့ အနေအထား ပိုပိုရောက်လာတဲ့အခါ ၁၉၉၂ ခုနှစ်မှာ အာဏာရပါတီက တရားရုံးတွေရဲ့စီရင်ပိုင်ခွင့်အာဏာကို လျှော့ချဘို့ကြိုးစားခဲ့တယ်။ ဒါပေမယ့် လူထုက လက်မခံဘဲ တရားရုံးတွေရဲ့ နောက်ကနေ မားမားမတ်မတ်ရပ်ပေးခဲ့တဲ့အတွက် မအောင်မြင်ခဲ့ဘူး။

ကိုရီးယားနိုင်ငံရဲ့ တရားရုံးတွေရဲ့ စွမ်းဆောင်ချက်တွေဟာ အရှေ့အာရှနိုင်ငံတွေအားလုံးထဲမှာ ထိုးထွက်ပေါ်လွင်လာပါတော့တယ်။ အဲဒါနဲ့ အတူဘဲ တိုင်းပြည်စီးပွားရေးတိုးတက်မှုနဲ့ တည်ငြိမ်မှုကို အတော်များများ အထောက်အပံ့ ပေးခဲ့တယ်လို့ ပြောနိုင်ပါတယ်။

ကိုင်း အခုမြန်မာနိုင်ငံမှာရော တရားရုံးတွေကို ဘယ်လိုအနေအထားမျိုးနဲ့ တည်ရှိစေလိုပါသလဲ။ ဒါကို ရှင်းအောင်စဉ်းစားပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လိုထည့်သွင်းပြဋ္ဌာန်းသင့်တယ်ဆိုတာကို ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။ တရားရုံးတွေဟာ

(က) ပြည်သူတွေ အချင်းချင်း အကြားမှာ ဖြစ်ပွားတဲ့ မှုခင်းတွေကို စစ်ဆေးရုံတင်ဘဲလား။

(ခ) ပြည်သူတွေနဲ့ အုပ်ချုပ်တဲ့ အာဏာပိုင်တွေအကြားမှာ ဖြစ်ပွားတဲ့ မှုခင်းတွေကိုပါ စစ်ဆေးစေဘို့ ရည်ရွယ်သလား။

(ဂ) အစိုးရရဲ့ လုပ်ဆောင်ချက်တွေနဲ့ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖြစ်စေ၊ တည်ဆဲဥပဒေများနှင့် ဖြစ်စေ ညီညွတ်ရဲ့လားဆိုတာကို သုံးသပ်ပိုင်ခွင့်ပါ ပေးစေခြင်သလား။

မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းခဲ့ရပြီးတဲ့ အချိန်ကစလို့ ယခုမျက်မှောက်အထိ တည်ရှိဆဲဖြစ်တဲ့ တရားရုံးတွေဟာ ပြည်သူတွေ အချင်းချင်းအကြားမှာ ဖြစ်ပွားတဲ့ မှုခင်းတွေကိုသာ အဓိကစစ်ဆေးခဲ့ရတယ်။ ပြည်သူတွေနဲ့ အုပ်ချုပ်တဲ့ အာဏာပိုင်တွေအကြားမှာ ဖြစ်ပွားတဲ့ မှုခင်းတွေကို တစုံတရာ စစ်ဆေးအရေးယူခဲ့တာရှိပေမယ့် အရည်အတွက် အလွန်နည်းပါးခဲ့တယ်။ နဝတ ထိပ်သီးတွေ အချင်းချင်းအာဏာလုဘို့ ကြိုးစားကြလို့ဟန်ပြစစ်ဆေး အပြစ်ပေးတဲ့ တရားရုံးတွေ ဖွဲ့စည်းတည်ထောင်ခဲ့တာတော့ ရှိခဲ့ပါတယ်။ ဒါကလွဲလို့ သာမန်လူထုတွေက အရေးယူတိုင်တန်းတဲ့အပေါ်အခြေခံပြီး အထက်ပိုင်းက အုပ်ချုပ်ရေးအာဏာပိုင်တွေကို အရေးယူအပြစ်ပေးခဲ့တယ် ဆိုတာတမှုမှ မရှိခဲ့ပါဘူး။ အစိုးရတဖွဲ့လုံးရဲ့ လုပ်ဆောင်ချက်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဖြစ်စေ၊ တည်ဆဲဥပဒေများနှင့် ဖြစ်စေ၊ ညီညွတ်ရဲ့ လားဆိုတာကို တရားရုံးချုပ်ကစီစစ်ဘို့ ဆိုတာကတော့ဖြင့် စိတ်ကူးယဉ်လို့ တောင်မရခဲ့တဲ့ အရာဖြစ်ပါတယ်။

ဒါတွေကြောင့်လဲ ပြဿနာတွေကို ရှင်းလို့မကုန်၊ အဖြေရှာလို့ မတွေ့၊ သပွတ်အူလို ရှုတ်ထွေး၊ ယုံကြည်မှုတွေ ပျက်ပြား၊ အကျိုးဆက်အနေနဲ့ တိုင်းပြည်ဟာလဲ ဆင်းရဲတွင်းနက်သထက် နက်လာနေပါကြောင်း တင်ပြရင်း အခုအပတ် နိဂုံးချုပ်အပ်ပါတယ်။